**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့၏**

**စက်တင်ဘာ ၂၁ ရက်နေ့ ဆောင်ရွက်မှုများ**

မော်စကို ၂၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် လွှတ်တော်အမတ်များ ရွေးကောက်ပွဲသို့ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ကိုယ်စားလှယ်အဖြစ် ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇာနည်မော်ဝင်း၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခွန်လှသိန်း တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင်ရုံးတွင် ပြုလုပ်သည့် ၉ ကြိမ်မြောက် ဒူးမားလွှတ်တော်အမတ် ရွေးကောက်ပွဲ၏ ပဏာမရလဒ်များ ကြေညာခြင်း၊ နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ UEC ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးကောက်ပွဲအပေါ် သုံးသပ်ချက်တို့ ဆောင်ရွက်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ရုရှားနိုင်ငံဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Mrs. Ella Pamfilova မှ ရွေးကောက်ပွဲဆောင်ရွက်ခဲ့မှုအကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက်တွင် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများ၊ ပါလီမန်လွှတ်တော်များမှ လွှတ်တော် ကိုယ်စားလှယ်များက ရွေးကောက်ပွဲအပေါ် သုံးသပ်ဆွေးနွေး ခဲ့ကြသည်။

ရွေးကောက်ပွဲ ကာလအတွင်း ဒရုန်းအမြောက်အမြားဖြင့် တိုက်ခိုက်မှုရှိခဲ့ပြီး ၂ ဦး သေဆုံးခဲ့ကာ မဲရုံအမှတ် ၁၂၈၃ မှ မဲရုံမှူး Mrs. Sanaikhina အပါအဝင် ၂၀ ဦး ဒဏ်ရာရခဲ့ပြီး ကြောင်း၊ ပထမရက်တွင် မဲပေးစက်များအား နှောင့်ယှက်သည့် ဆိုက်ဘာတိုက်ခိုက်မှုများ ရှိခြင်း၊ ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများနှင့် မိသားစုဝင်များအား မက်ဆေ့များဖြင့် ခြိမ်းခြောက်ခြင်းတို့ ရှိခဲ့ကြောင်း သိရှိရပါသည်။

၉ ကြိမ်မြောက် ဒူးမားလွှတ်တော်အမတ် ရွေးကောက်ပွဲတွင် ပါတီပေါင်း ၁၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ United Russia ပါတီမှ ၅၇.၇၉ ရာခိုင်နှုန်း၊ ကွန်မြူနစ်ပါတီမှ ၁၃.၇ ရာခိုင်နှုန်းဖြင့် နေရာအများစု ရရှိခဲ့ကြောင်း သတင်းရရှိသည်။

ဆက်လက်၍ ဒုတိယ ဥက္ကဋ္ဌသည် Russia 1 ရုပ်သံ Channel ဖြင့် အင်တာဗျူး တွင် ရွေးကောက်ပွဲမှာ အလွန်ပင်စနစ်တကျရှိကြောင်း၊ ပြည်သူများ အလွယ်တကူ မဲပေးနိုင်အောင် ပြည့်ပြည့်စုံစုံစီမံပေးထားတာကို တွေ့ရှိရကြောင်းနှင့် အောင်မြင်သောရွေးကောက်ပွဲအတွက် ဂုဏ်ယူကြောင်း ဖြေကြားခဲ့သည်ဟု သတင်းရရှိသည်။